# Road Map

to salvation

## ၁။ ဘုရားသခင်။

လူတို့မျက်စိဖြင့် မမြင်နိုင်သော်လည်း ဘုရားသခင်အမှန်တကယ်ပင်ရှိနေကြောင်း အောက်ပါအချက်တို့ကိုကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

- ဖန်ဆင်းထားသောအရာများကိုကြည့်ခြင်းအားဖြင့်---လူတို့၏တီထွင်ဖန်တီးနိုင်မှုစွမ်းရည်သည်ဖန်ဆင်းရှင်ဘုရားရှိကြောင်းကို ညွှန်ပြနေပါသည်။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းသောအရာတစုံတခုမျှမရှိပါ။
- အကြောင်းအကျိုးဆက်စပ်ကြည့်ခြင်းဖြင့် ---ခါတ်ပုံတစ်ပုံထဲတွင် ခါတ်ပုံဆရာကိုရှာ၍မတွေ့နိုင်သော်လည်း ခါတ်ပုံဆရာရှိ၍သာ ခါတ်ပုံဖြစ်လာရပါသည်။
- လူတို့၌ကိုးကွယ်လိုစိတ်ရှိနေခြင်း--လူတိုင်း တခုမဟုတ်တခုခုကို ကိုးကွယ်နေကြသည်။ ဘာကိုမှ မကိုးကွယ်ပါဟု ဆိုသူပင်လျှင်ကိုယ့် ကိုယ်ကို ကိုးကွယ်နေသူဖြစ်သည်။ ကိုးကွယ်ခံထိုက်သောဘုရားရှိ၍သာကိုးကွယ်လိုသော ဆန္ဒရှိနေကြခြင်းပင်ဖြစ်သည်။
- ယေရှုခရစ်တော်ဟူသော ပုဂ္ဂိုလ်အားဖြင့်--- ယေရှုခရစ်သည် ကမ္ဘာ့သက္ကရာဇ် ၏ ဗဟိုချက်ဖြစ်ခဲ့သည်။ သေတတ်သောလူ၏ ဖြစ်အင်နှင့် မသေနိုင်သောဘုရား၏ ဖြစ်အင်တို့ကို ပေါင်းစပ်ဖော်ပြခဲ့သူဖြစ်သည်။
- သမ္မာကျမ်းစာဖော်ပြချက်အားဖြင့်---သမ္မာကျမ်းစာသည်သက်တမ်းအရှည်ဆုံးဖြစ်ပြီး ဘာသာစကားအများဆုံးနှင့်ဘာသာပြန်ထား သောတကမ္ဘာလုံးရှိလူတန်းစားအလွှာ အသီးသီးသို့ ပြန့်နှံ့ရောက်ရှိနေသောစာအုပ် ဖြစ်သည်။ ဘာသာတရားနှင့်ဆိုင်သောစာ ပေတခုမဟုတ်၊ လူတိုင်းအားသိစေလိုသော ဘုရားသခင်၏ဖော်ပြချက်များကိုရေးသားထားသောစာအုပ်ဖြစ်သည်။

ဘုရားဟုခေါ်ဝေါ်သောတန်ခိုးရှင်ပုဂ္ဂိုလ် များစွာရှိကြသော်လည်းစစ်မှန်သောဘုရားသည်တစ်ဆူတည်းသာရှိပါသည်။ စစ်မှန်သောဘုရားသည်

- ထာဝရအသက်ရှင်(သေခြင်းမရှိ)သူ
- ထာဝရတည်မြဲ(ပြောင်းလည်းခြင်းမရှိ)သူ
- ထာဝရမေတ္တာရှင်(အပြစ်ရှိသမျှခွင့်လွှတ်နိုင်သူ)
- ထာဝရသစ္စာရှင် (အပြစ်ရှိသမျှစီရင် ပိုင်သူ) ဖြစ်ပါသည်။

ဘုရားသခင်သည်ခပ်သိမ်းသောအရာတို့ ၏မူလဇစ်မြစ်ဖြစ်သောကြောင့် ဘုရားသခင်ကိုမသိပါက အခြေအမြစ်မရှိသောဘဝ၌သာ ကျင်လည်နေရမည်ဖြစ်သည်။ အသက်ရှင်တည်မြဲတော်မူသော ဘုရားနှင့်ကင်းကွာခြင်းကြောင့် သင်္ခါရတရား၊ သေခြင်းတရားအောက်သို့ရောက်ရပါသည်။

## ၂။ လူတိုင်းအပြစ်သား။

အပြစ်ဆိုသည်မှာဘုရားသခင်၏စကားတော်ကိုနားမထောင်ခြင်း၊ အလိုတော်ကိုမ ဆောင်ခြင်း၊ ဘုရားသခင်ကိုမယုံကြည်ခြင်းတို့ ဖြစ်ကြပါသည်။ တနည်းအားဖြင့် ဘုရားသခင် ၏ တားမြစ်ချက်များကိုလွန်ကျူး၍ဘုရားသခင် သတ်မှတ်ထားသောစံချိန်ကိုမမီနိုင်ခြင်းပင်ဖြစ်ပါသည်။ အပြစ်ဟုဆိုရာတွင်---

- ဗီဇအပြစ်--- လူသားတိုင်းသည်အမိဝမ်း ထဲ၌ပဋိသန္ဓေတည်စအချိန်မှစ၍အပြစ်ရှိခဲ့ ကြပါသည်။ အပြစ်ကိုလုပ်ချင်သောဆန္ဒ၊ လုပ်တတ်သောပညာ၊ လုပ်နိုင်သောခွန်အားစ သည့်ဗီဇသဘာဝသည် လူတိုင်း၏မွေးရာပါ ဖြစ်ခဲ့ကြပါသည်။
- ဒုစရိုက်အပြစ်--- ဗီဇအပြစ်ဖြင့်ပေါက်ဖွါး လာသောလူသားများပီပီ အခြေအနေ၊ အချိန်အခါကိုလိုက်၍အမျိုးမျိုးသောဒုစရိုက် ကိုကျူးလွန်တတ်ကြပါသည်။ မလုပ်သင့်သော အရာများကိုလုပ်မိကြသလို၊ လုပ်သင့်သော အရာများကိုမလုပ်ဘဲနေတတ်ကြပါသည်။ ကာယကံမြောက်ကျူးလွန်ခြင်းရှိသလို ဝစီကံ၊ မနောကံ အားဖြင့်သော်၄င်း၊ ကျူးလွန်သမျှ တို့သည် လူသားတို့၏ အပြစ်ဒုစရိုက်များ သာဖြစ်ကြပါသည်။

## ၃။ **တရားစီရင်ခြင်း။**

သစ္စာတော်နှင့်ပြည့်စုံ၍ ဖြောင့်မတ်မှန်ကန် သောဘုရားသခင်သည် အပြစ်သားဖြစ်သော လူသားတိုင်းအား အပြစ်ဒဏ်စီရင်ချမှတ်လျှက်ရှိပါသည်။ "အပြစ်တရား၏အခကားသေခြင်း ပေတည်း၊ လူအပေါင်းတို့သည်အပြစ်ရှိသော ကြောင့်သေခြင်းသို့ရောက်ရကြ၏ " ဟုကျမ်းစာ၌တိတိကျကျ ဖော်ပြထားပါသည်။ ထို့ကြောင့်အပြစ်တရားနှင့်သေခြင်းတရားတို့သည် လူတိုင်းနှင့်ပတ်သက်လျှက်ရှိကြောင်း သိသာထင်ရှားနေပါသည်။ သေခြင်းဟုဆိုရာတွင်–

- ဝိညာဉ်သေခြင်း–––ခန္ဓာ၊စိတ်နှင့် ဝိညာဉ် ဟူသောအပိုင်းသုံးပိုင်းဖြင့် လူကိုဖန်ဆင်းထားပါသည်။ မိမိကိုဖန်ဆင်းသောဘုရားနှင့် အဆက်ပြတ်နေသောကြောင့် ခန္ဓာပိုင်းနှင့် စိတ်ပိုင်းသာအသက်ရှင်လျှက်ရှိနေပြီး ဝိညာဉ် ပိုင်းမှာ သေလျှက်ရှိနေပါသည်။
- ခန္ဓာသေခြင်း––– လူတစ်ယောက်တန်ဖိုးရှိ နေရခြင်းမှာ ခန္ဓာကိုယ်အထဲ၌ဝိညာဉ်ရှိနေ ခြင်းကြောင့်ဖြစ်သည်။ ဝိညာဉ်ထွက်ခွါသွားသောအခါ ခန္ဓာသေရလေသည်။
- ထာဝရသေခြင်း––– နောင်တချိန်တွင်ခန္ဓာ နှင့်ဝိညာဉ်ပြန်လည်ပေါင်းစပ်ပြီး ဘုရားသခင် နှင့်အစဉ်အမြဲကွဲကွာရာ ထာဝရငရဲသို့ရောက်ရှိခြင်းဖြစ်သည်။

## ၄။ **ကျင့်ကြံကြိုးစားအားထုတ်မှု။**

သေခြင်းတရား၏ လွှမ်းမိုးအုပ်ချုပ်မှု အောက်မှလွတ်မြောက်လျှက် ထာဝရသုခချမ်းသာ အစစ်အမှန်ကိုရရှိခံစားလိုသော စိတ်ဆန္ဒ ဖြင့်လူတို့သည်ကုသိုလ်ကောင်းမှုများပြုခြင်း၊ တရားကောင်းတရားမြတ်တို့ကိုကျင့်ကြံအားထုတ်ခြင်း စသည်ဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် လွတ်ရာလွတ်ကြောင်းကို ကြိုးစားရှာဖွေလျှက် ရှိကြပါသည်။ သို့သော်–––

- ကုသိုလ်ကောင်းမှုပြုခြင်းဖြင့်မလွတ်နိုင်––– ကုသိုလ်ထက် အကုသိုလ်ကပိုများတတ်ပါသည်။ အကယ်၍ ကုသိုလ်ပိုများပါကလည်း အကုသိုလ်ကိုမဖုံးကွယ်နိုင်ပါ။ ကုသိုလ်ကောင်း မှုတို့သည်ယခုဘဝအတွက်သာ အသုံးဝင်ပါသည်။ ထာဝရသုခ ချမ်းသာရောက်အောင် ပို့မပေးနိုင်ပါ။ လူသားတိုင်းသန့်ရှင်းခြင်းမရှိ သောကြောင့် မိမိတို့ပြုသမျှတို့သည်လည်း မစင်ကြယ်နိုင်ပါ။
- ကျင့်ကြံအားထုတ်မှု––– ကိုယ့်ကိုယ်ကို ကျေနပ်အားရသည်အထိ မကျင့်နိုင်ပါ။ ဘာသာတရား၏ပြဋ္ဌာန်းချက်များကိုလည်း ပြည့်စုံအောင်စောင့်ထိမ်းမှုမပြုနိုင်ပါ။ ဖန်ဆင်းရှင်ဘုရားသခင်အလိုတော်ရှိသောစံချိန်ကို မီသည် အထိကျင့်ကြံနိုင်သူတစ်ယောက်မျှမရှိပါ။ ထို့ကြောင့်ကြိုးစားမှုဖြင့်မလွတ်မြောက်နိုင်ပါ။

## ၅။ **ကယ်တင်ရှင်။**

အပြစ်တရားနှင့်သေခြင်းတရားမှလွတ် မြောက်ရန်ကိုယ်တိုင်ကြိုးစား၍မရနိုင်သောကြောင့်လူသားတို့ကိုကယ်တင်မည့် ကယ်တင် ရှင်လိုအပ်ပါသည်။ ကယ်တင်ရှင်ဆိုသည်မှာ–

- လူ့ဇာတိခံ၍ ကြွလာခဲ့သောဘုရားဖြစ်ပါသည်။
  လူသည်ဘုရားနှင့်ကွဲကွာလျှက်ရှိပြီး ဘုရား နှင့်ပြန်လည်အဆက်ရသင့်မြတ်ရန် လူ့ဘက်မှ မကြိုးစားနိုင်သောကြောင့် ဘုရားဘက်မှ ပြန်လည်ဆက်သွယ်ခြင်းဖြစ်သည်။ လူကဘုရားထံသို့မသွားနိုင်သောကြောင့်ဘုရားက လူထံသို့လာခဲ့ခြင်းဖြစ်ပါသည်။
- အပြစ်ကြွေးပေးဆပ်ခဲ့သူဖြစ်ပါသည်။ အပြစ်ဒုစရိုက်ကိုရှောင်ရှားကြရန်တရားပြ ရန်သက်သက်သာ ကြွလာခဲ့ခြင်းမဟုတ်၊ လူသားများပြုသမျှအပြစ်ကြွေးတို့ကိုကျေသည် အထိ ပေးဆပ်ခဲ့ပါသည်။ အပြစ်တရား၏အခ သေခြင်းဖြစ်ရာအသေခံ၍ပေးဆပ်ခဲ့ပါသည်။
- လမ်းညွှန်သူမဟုတ်–––မစပို့ဆောင်သူဖြစ်ပါသည်။ ထာဝရသုခချမ်းသာခံစားရန် မည်ကဲ့သို့လုပ်ဆောင်ရမည်ဟု နည်းလမ်းပေးခြင်းမဟုတ်၊ ထာဝရသုခချမ်းသာသို့ ရောက်အောင်ပို့ဆောင်ပေးသူဖြစ် သည်။

## ၆။ **ယုံကြည်မှု။**

ဘုရားသခင်အားတိကျသေချာစွာ သိရှိ နိုင်ရန်အတွက်ယုံကြည်မှုတစ်ခုသာလိုအပ်ပါသည်။ ဘုရားသခင်အမှန်တကယ်ရှိကြောင်း မိမိအားအကျိုးပြုနေကြောင်း ယုံကြည်စိတ်ချ ရန်ဖြစ်ပါသည်။

- ကျေးဇူးတော်––– မထိုက်တန်ဘဲလျှက်ရ သောအခွင့်အရေးဖြစ်ပါသည်။ ထာဝရသုခချမ်းသာခံစားနိုင်ရန် လူသားတို့၏ကြိုးစား ကျင့်ကြံမှုဖြင့် လုံးဝမဖြစ်နိုင်ပါ။ သို့သော်ကယ်တင်ရှင်ယေရှုခရစ်တော်၏ ပြီးပြည့်စုံသော ကုသိုလ်အားဖြင့်၎င်း၊ ကိုယ်တော်၏စုံလင်ဖြောင့်မတ်တော်မူခြင်းကြောင့်၎င်း၊ သုခချမ်း သာကိုလူသားတိုင်းခံစားနိုင်ပြီဖြစ်ပါသည်။

မိမိ၏လုပ်ဆောင်ချက်ဖြင့်မဟုတ်ဘဲ ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့်သာ ခံစားရရှိနိုင်ပါသည်။

- ကရုဏာတော်––– အပြစ်သားဖြစ်သောလူသားတို့သည် အပြစ်ဒဏ်စီရင်ခြင်းဖြစ်သော သေခြင်းတရားကိုသာခံထိုက်ကြသူများဖြစ်ပါသည်။ သို့သော်လူသားအားလုံးကိုယ်စား အသေခံခဲ့သော ကယ်တင်ရှင်ယေရှုခရစ်တော်အားဖြင့် ခံထိုက်သောအပြစ်ဒဏ်မှ လွတ်မြောက်ရခြင်းမှာ ကရုဏာတော်ကြောင့် ပင်ဖြစ်သည်။

## ၇။ **<u>ဝန်ခံရန်လိုအပ်ပါသည်။</u>**

ဘုရားသခင်သည်မိမိဖန်ဆင်းထားသော လူသားတိုင်းအားလွတ်လပ်စွာရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ပေးထားပါသည်။ မည်သူ့ကိုမျှအာဏာ သုံး၍မပြုပြင်ပါ။ ထို့ကြောင့်ဘုရားသခင်၏ကျေးဇူးကရုဏာတော်ကိုငြင်းပယ်ရန်နှင့် ဝန်ခံရန်ကိုယ်တိုင်ရွေးချယ်နိုင်ပါသည်။ ဝန်ခံလိုပါက

- ဘုရားသခင်သည်မိမိအားဖန်ဆင်းသော ဖန်ဆင်းရှင်ဖြစ်ကြောင်း၊ ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့်သာမိမိလူဖြစ်လာရကြောင်း။
- မိမိသည်အပြစ်သားဖြစ်ကြောင်း ဗီဇအပြစ်ပါလာပြီး ဒုစရိုက်အမျိုးမျိုးကိုလည်း ကာယကံ ဝစီကံ၊ မနောကံမြောက်ကျူးလွန်ခဲ့ကြောင်း။
- မိမိ၏ ကုသိုလ်ကောင်းမှုကျင့်ကြံအားထုတ်မှုဖြင့်အပြစ်တရားနှင့်သေခြင်းတရားမှ မလွတ်မြောက်နိုင်ကြောင်း မိမိဘာကိုမျှ မတတ်နိုင်ကြောင်းကိုဝန်ခံလျှက်။
- ကယ်တင်ရှင်ယေရှုခရစ်တော်သည်မိမိ ကိုယ်စားအသေခံခဲ့ပြီးဖြစ်ကြောင်းယုံကြည်နိုင်ပါပြီ။

ဤRoad Map အတိုင်းလျှောက်လှမ်း၍ ထာဝရကောင်းကင် (သေခြင်းကင်းမဲ့သောထာဝရသုခချမ်းသာအရပ်) ၌တချိန်ချိန်တွင်ပြန်လည် ဆုံစည်းကြပါစို့။

–ရှင်ညို–